# မန္တလေးမြို့ မြန်မာပြည်ဖွား ဗုဒ္ဓဘာသာဝင် တရုတ်မျိုးနွယ်စုများက စုပေါင်းဘုံဆွမ်းလောင်းလှူ



**မန္တလေး ဩဂုတ် ၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့က ဦးစီး၍ မန္တလေးမြို့ မြန်မာပြည်ဖွား ဗုဒ္ဓဘာသာဝင် တရုတ်မျိုးနွယ်စုများက (၁၃) ကြိမ်မြောက် (ဒုတိယပတ်) စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ဩဂုတ် ၆ ရက် နံနက် ၆ နာရီက ကျင်းပသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် တောင်သမန်ကျောင်းတိုက်မှ သံဃာတော်အပါး ၄၀ ၊ ငါးဆူတိုက်မှ သံဃာတော် ၁၀ ပါး၊ ပုဂံအတွင်းဝန်တိုက်မှသံဃာတော်အပါး ၃၀နှင့် မြင်းဝန်တိုက်မှသံဃာတော်အပါး ၁၂၀ သံဃာတော်စုစုပေါင်း အပါး၂၀၀ တို့အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့တာဝန်ရှိသူများနှင့် မန္တလေးမြို့ မြန်မာပြည်ဖွား ဗုဒ္ဓဘာသာဝင် တရုတ်မျိုးနွယ်စုများက ဆွမ်း၊ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀-၀-၀



# အရင်းမပျောက် မ,တည်ရန်ပုံငွေ ပထမအကြိမ် လက်ဆင့်ကမ်းပေးအပ်ပွဲ ကျင်းပ

**သာစည် ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မြစိမ်းရောင်(အသားကဏ္ဍ)ကျေးရွာစီမံကိန်း အရင်းမပျောက် မ, တည်ရန်ပုံငွေ ပထမအကြိမ် လက်ဆင့်ကမ်းပေးအပ်ပွဲကို ဩဂုတ် ၆ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် မြစိမ်းရောင်(အသားကဏ္ဍ)ကျေးရွာစီမံကိန်း မြို့နယ်အဆင့်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြစိမ်းရောင် (အသားကဏ္ဍ) ကျေးရွာစီမံကိန်း မြို့နယ်အဆင့်ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာ ဇော်မြင့်နိုင်က မြစိမ်းရောင်(အသားကဏ္ဍ)ကျေးရွာစီမံကိန်း အရင်းမပျောက် မ,တည်ရန်ပုံငွေ ပထမအကြိမ် လက်ဆင့်ကမ်းပေးအပ်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာအဆင့်ကြီးကြပ်မှုကော်မတီများမှဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ရန်ပုံငွေကျပ် အရင်း သိန်း ၃၀၀ နှင့် အတိုးငွေကျပ် ၁၀၄ သိန်း စုစုပေါင်းငွေကျပ် ၄၀၄ သိန်းကို မြစိမ်းရောင်(အသားကဏ္ဍ)ကျေးရွာစီမံကိန်းဖြင့် နွားမွေးမြူရေးဆောင်ရွက်လျက်ရှိသော တမာကုန်းကျေးရွာကြီးကြပ်မှုကော်မတီထံ ပေးအပ်ခဲ့သည်။

အဆိုပါ ရန်ပုံငွေပေးအပ်ပွဲသို့ မြို့နယ်အဆင့်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဝန်ထမ်းများ၊ မြစိမ်းရောင်(အသားကဏ္ဍ)ကျေးရွာစီမံကိန်းဆောင်ရွက်လျက်ရှိသော တမာကုန်းကျေးရွာနှင့် ရွာကြီးကျေးရွာတို့မှ ကျေးရွာအဆင့်ကြီးကြပ်မှုကော်မတီဝင်များတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၇)

# လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့ခံအဖွဲ့အစည်းများ တွေ့ဆုံပွဲ ပြုလုပ်

**စစ်ကိုင်း ဩဂုတ် ၇**

စစ်ကိုင်းမြို့တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့ခံအဖွဲ့အစည်းများ တွေ့ဆုံပွဲကို ယမန်နေ့ နံက် ၉ နာရီက စစ်ကိုင်းမြို့ ရတနာစေတီဆင်များရှင်ဘုရား ရင်ပြင်ပေါ်ရှိ ဓမ္မဗိမာန်တော်တွင် တွေ့ဆုံပွဲ ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်ပုံက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူများရဲ့ လိုအပ်ချက်များကို ပြည်သူလူထု၏ကိုယ်စား လွှတ်တော်အတွင်း တင်ပြဆွေးနွေးကြရတာပါ။ ဒါကြောင့် တက်ရောက်လာတဲ့ မြို့မိ၊ မြို့ဖအဖွဲ့ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ ပညာရေးဌာန(အငြိမ်းစားများအသင်း)မှ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များက ဒီမိုကရေစီနည်းကျကျလွတ်လပ်စွာ ဆွေးနွေးပေးကြပါရန်၊ ဒါမှလည်း လာမယ့် လွှတ်တော်မှာ ပြည်သူများ၏ကိုယ်စား ကျွန်တော်တို့က လိုအပ်သည်များကို တင်ပြပေးနိုင်မှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့မိ၊မြို့ဖအဖွဲ့ဥက္ကဋ္ဌဦးတင်မျိုးလွင်နှင့် အဖွဲ့ဝင်များ၊ ပညာရေးဌာန(အငြိမ်းစားများအသင်း)ဥက္ကဋ္ဌ ဦးရဲမြင့်အောင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးအောင်ကြီးတို့ကလည်း ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၀၇၀)

၀-၀-၀-၀-၀-၀-၀



# (KG)ကျောင်းသား ကျောင်းသူများအား (တတိယအကြိမ်) အာဟာရကျွေးမွေး

**မြို့သစ် ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ (KG) ကျောင်းသား၊ ကျောင်းသူများ ကိုယ်ခန္ဓာဖွံ့ဖြိုးစေရန်၊ အာဟာရသင့်တင့်မျှတစွာ စားသုံးစေရန်နှင့် အာဟာရဖွံ့ဖြိုးတိုးတက်စေရန်အတွက်(တတိယအကြိမ်) ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို သက်ဆိုင်ရာ အခြေခံပညာကျောင်းအသီးသီး၌ ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ အာဟာရကျွေးမွေးရာတွင် မြို့သစ်မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မျိုးဇော်၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် အသိပညာပေးခြင်း၊ မျက်စိအမြင်စစ်ဆေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်ကာ ကလေးများအတွက် အာဟာရဖွံ့ဖြိုးစေမည့် ထမင်း၊ အသားဟင်းနှင့် အသီးအရွက်များကို အာဟာရအဖြစ် ကျွေးမွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ဝင်းအိစွန်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀-၀

# မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တာလေ ဩဂုတ် ၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်၊ တာလေမြို့တွင် မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တာလေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူးဦးလင်းလင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး တာလေနယ်မြေရဲစခန်းမှ ရဲအုပ် ကျော်ဇေယျက တာလေမြို့အတွင်း တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း (တာလေ)မှ ကျောင်းအုပ်ဆရာကြီးဦးကောင်းမြတ်ဦးက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက မြို့တွင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ မြို့တွင်းသန့်ရှင်းသာယာလှပရေးဆိုင်ရာကိစ္စရပ်များနှင့် တာလေမြို့ဖွံ့ဖြိုးတိုးရေးဆိုင်ရာ လုပ်ငန်းများကို ဌာနအလိုက်အသီးသီး ဆွေးနွေးတင်ပြခဲ့ကြရာ မြို့အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀-၀



ကျန်းမာစိတ်ရွှင် ကြည်လင်ချင်
အချိန်ရှိခိုက် သစ်ပင်စိုက်။



# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ ဒီယေဂိုဖော်လန်ကို ယာယီနည်းပြအဖြစ် ဥရုဂွေးအသင်းခန့်အပ်



**လန်ဒန် ဩဂုတ် ၇**

ဥရုဂွေးအသင်းသည် ယာယီနည်းပြအဖြစ် နည်းပြ ဒီယေဂိုဖော်လန်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ယခုနှစ်အတွင်း ကစားမည့် ဥရုဂွေးအသင်း၏ ခြေစမ်းပွဲစဉ်များကို ကြီးကြပ်ရမည်ဖြစ်ပြီး စွမ်းဆောင်ရည်ပေါ်မူတည်ကာ ယခုနှစ်ကုန်ပိုင်း သို့မဟုတ် ၂၀၂၇ခုနှစ် အစောပိုင်းတွင် အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခြင်းခံရမည် ဖြစ်သည်။

အသက်(၄၇)နှစ်အရွယ်ရှိ နည်းပြ ဒီယေဂိုဖော်လန်က "ဥရုဂွေး ယာယီနည်းပြအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါပြီ။ အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခြင်းခံရအောင်လည်း အစွမ်းကုန် ကြိုးစားသွားမှာပါ။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့ တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(အပေါ်ပုံ)** (NGB)

## ဒီယိုမန်ဒီကို ရီးရဲလ်မက်ဒရစ်အသင်း ခေါ်ယူ



**မက်ဒရစ် ဩဂုတ် ၇**

စပိန်လာလီဂါထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် လိုက်ပဇစ်အသင်း တောင်ပံကစားသမား ဒီယိုမန်ဒီကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၃၂ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

တောင်ပံကစားသမား ဒီယိုမန်ဒီသည် လိုက်ပဇစ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၆ပွဲ ကစားပြီး ၁၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီသစ်တွင် ဆုဖလားများစွာ ရယူနိုင်ရန်အတွက် အကောင်းဆုံးပြင်ဆင်နေပြီး လက်ရှိဈေးကွက်အတွင်း ကစားသမား ခြောက်ဦးအထိ ခေါ်ယူအားဖြည့်ထားခဲ့ပြီး ဖြစ်သည်။

**(ယာပုံ)** (NGB)

## ပါပီကာဘရယ် မိုနာကိုအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**ပါရီ ဩဂုတ် ၇**

မိုနာကိုအသင်းသည် အသင်း ကွင်းလယ်ကစားသမား ပါပီကာဘရယ်ကို ၂၀၃၁ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက မိုနာကိုအသင်းနှင့် ပြိုင်ပွဲစုံ ၆ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့သလို အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

မိုနာကိုအသင်းထုတ်ပြန်ချက်တွင် "ပါပီကာဘရယ်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ သူဟာ အသင်းမှ ထူးချွန်မယ့် ကစားသမားဖြစ်လာလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။ **(အပေါ်ဝဲပုံ)** (NGB)

## နာတာလီယာရာမို့စ်ကို လီဗာပူးအမျိုးသမီးအသင်း ခေါ်ယူ



**လန်ဒန် ဩဂုတ် ၇**

လီဗာပူးအမျိုးသမီးအသင်းသည် UD Tenerife အမျိုးသမီးအသင်း ကွင်းလယ်ကစားသမား နာတာလီယာရာမို့စ်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လီဗာပူးအမျိုးသမီးအသင်းတွင် ကျောနံပါတ် ၆ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား နာတာလီယာရာမို့စ်သည် UD Tenerife အမျိုးသမီးအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၀၅ပွဲကစားပြီး ၂၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နာတာလီယာရာမို့စ်က "လီဗာပူးအသင်းကို ရောက်ရှိခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီဂျာစီကို ဝတ်ဆင်ရမယ်ဆိုတော့လည်း ရင်ခုန်စိတ်လှုပ်ရှားမိပါတယ်။ ဒီအသင်းနဲ့အတူ ဆုဖလားများစွာ ရယူသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ယာပုံ)** (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* အဲဗာတန်အသင်းသည် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား နော်ဂတ်ဒ်ကို နှစ် နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

* ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းအသင်းသည် ဝက်ဖို့ဒ်အသင်း တောင်ပံကစားသမား နက်စတိုရီအီရန်ကန်ဒါကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

* ဟမ်းဘတ်အသင်းသည် လိဒ်စ်အသင်း နောက်ခံကစားသမား ဆီဘတ်စတီယာယန်ဘော်နော်ဝ်ကို ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (NGB)

## ဂျူအန်လူဆန်းချက်ဇ် ဘုန်းမောက်အသင်းတွင် ကျောနံပါတ်(၂၄)ဂျာစီကို ဝတ်ဆင်ကစားမည်



**လန်ဒန် ဩဂုတ် ၇**

နောက်ခံကစားသမားသစ် ဂျူအန်လူဆန်းချက်ဇ် ဘုန်းမောက်အသင်းတွင် ကျောနံပါတ် ၂၄ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဆီဗီလာအသင်းမှ ဘုန်းမောက်အသင်းသို့ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဂျူအန်လူဆန်းချက်ဇ်သည် ဆီဗီလာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၅ပွဲ ကစားပြီး အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘုန်းမောက်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ဂျူအန်လူဆန်းချက်ဇ်က "ကျွန်တော် ဘုန်းမောက်အသင်းမှာ ကျောနံပါတ် ၂၄ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါဘဲ"ဟု ပြောသည်။ **(အပေါ်ဝဲပုံ)** (NGB)



## မာလာဂါအသင်းက အယ်လ်အာရေဘီအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**မက်ဒရစ် ဩဂုတ် ၇**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက စပိန်ကလပ် မာလာဂါအသင်းနှင့် ကာတာကလပ် အယ်လ်အာရေဘီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မာလာဂါအသင်းက အယ်လ်အာရေဘီအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မာလာဂါအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် မိနစ် ၂၀တွင် အိုချိုအာ၊ ပွဲချိန် ၅၄မိနစ်တွင် နီနို၊ ပွဲချိန် ၆၃မိနစ်နှင့် ၇၇ မိနစ်တွင် ဂျော်ရီဂီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

မာလာဂါအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၃ရက်တင် ဖူလ်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားဦးမည်ဖြစ်သည်။**(အပေါ်ပုံ)**(NGB)

## အန်တိုနီရော်ဘင်ဆန်ကို ခေါ်ယူရန် မန်ယူအသင်း စီစဉ်



**လန်ဒန် ဩဂုတ် ၇**

မန်ယူအသင်းသည် ဖူလ်ဟမ်အသင်း နောက်ခံကစားသမား အန်တိုနီရော်ဘင်ဆန်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၅ပွဲကစားပြီး ၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဖူလ်ဟမ်အသင်းကလည်း အန်တိုနီရော်ဘင်ဆန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မန်ယူအသင်း အနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဖူလ်ဟမ်အသင်းထံမှ အန်တိုနီရော်ဘင်ဆန်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ယာပုံ)** (NGB)

## 2026 National Bank Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Iga Swiatek တက်ရောက်



**တိုရွန်တို ဩဂုတ် ၇**

ကနေဒါနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 National Bank Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2026 National Bank Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် Viktorija Golubic ကို ၆-၂၊ ၆-၁ ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2026 National Bank Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် ယူကရိန်းတင်းနစ်မယ် Marta Kostyuk တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ဝဲပုံ)** (NGB)

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့ ပူပေါင်းကျင်းပသော လူငယ်အသိပညာပေးဟောပြောပွဲကို ယမန်နေ့ ညနေ ၅ နာရီက အဆိုပါကျောင်းဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နေပြည်တော်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အဖွင့်အမှာစကားပြောကြားရာ ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလဟူသည့် ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ စာပေဖတ်ရှုခြင်းမှ အသိပညာဗဟုသုတပြည့်ဝစေရန်၊ စာပေဝါသနာရှင်များစွာပေါ်ထွန်းလာစေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ တိုးပွားစေရန်နှင့် စာဖတ်ရှိန်မြင့်မားလာပြီး စာကောင်း၊ ပေကောင်းများကို လေ့လာတတ်စေရန်ရည်ရွယ်၍ လူငယ်အသိပညာပေး ဟောပြောပွဲကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားမှူးက စာရေးဆရာကြီး ကိုရွှေအောင်သင်း၏အတ္ထုပ္ပတ္တိကို ဖတ်ကြားခဲ့သည်။



ထို့နောက် စာရေးဆရာကြီး ကိုရွှေအောင်သင်းက လူငယ်နှင့် အနာဂတ်နိုင်ငံတော်ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောကာ အသိပညာဗဟုသုတမေးခွန်းများ မေးမြန်းဆွေးနွေး၍ ပြန်လည်ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများကို ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းနှင့် တာဝန်ရှိသူများက အမှတ်တရဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာငြိမ်းငြိမ်းထွေးက စာရေးဆရာကြီးအား ဂါဝရပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် နေပြည်တော် စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်တာက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များပေးအပ်လှူဒါန်းရာ ဒုတိယပါမောက္ခချုပ် (သင်ကြား)ဒေါက်တာ စောထိုလွိထူးက လက်ခံရယူပြီး ကျေးဇူးတင် စကားပြောကြားခဲ့ကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## ချမ်းသာကြီးဆန်လှူအသင်း(၅၇)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၇**

မန္တလေး၊ ချမ်းသာကြီးဆန်လှူအသင်းကြီး၏ (၅၇)ကြိမ်မြောက် မဟာတဏှာပူပ(သံဃိကဌာန)ဆွမ်းဆန်တော်လှူပွဲ အခမ်းအနားကို ဩဂုတ် ၆ ရက် နံနက် ၈ နာရီက မန္တလေးမြို့၊ ၂၆ ဘီလမ်း၊ ပွဲကုန်းလမ်းမတန်းရှိ ချမ်းသာကြီးဆန်လှူ အသင်းတိုက် ရှေ့ပြည်ညွှန့်မွေ့ရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးစိုးလင်း၊ အတွင်းရေးမှူး ဦးအောင်မင်းဆွေနှင့်အဖွဲ့ဝင်များ၊ နာယကကြီးများ၊ အနယ်နယ်အရပ်ရပ်မှ အသင်းခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ကြသည်။ ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးစိုးလင်းက အဖွင့်အမှာစကားပြောကြားပြီး အနယ်နယ်အရပ်ရပ်မှ အသင်းခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆွမ်းဆန်တော်နှင့် အလှူငွေများ လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ (ဝဲပုံ)

ထို့နောင် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ဘန့်ဘွေးကုန်းအသင်းခွဲဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ပုသိမ်ကြီးမြို့နယ်အသင်းခွဲဥက္ကဋ္ဌ ဦးထွန်းခင်တို့က မုဒိတာစကားပြောကြားကြသည်။ ယင်းနောက် မန္တလေးမြို့ ခြောက်မြို့နယ်ရှိ သံဃာတော်သူမြတ် ၃၇၀၀၀ ကျော်အား ဆွမ်းဆန်တော်များ လောင်းလှူကြကြောင်း သိရသည်။ (ဝဇ၁)

*-*-*-*-*-*

## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းဖြတ် ဩဂုတ် ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်းများ၌ (၁၄)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၄ ရက်က အခြေခံပညာအထက်တန်းကျောင်း(ဟိုနာ)နှင့် (မိုင်းဖြတ်)တို့တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့မရဲစခန်းမှ စခန်းမှူး ချမ်းသာက လူကုန်ကူးမှု၏အဓိပ္ပာယ်၊ လူကုန်ကူးခံရသည့် အဓိကအကြောင်းအရာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအကြောင်း သိကောင်းစရာများနှင့် လူကုန်ကူးခံရပါက ရရှိခံစားရမည့် ဆိုးကျိုးများကိုလည်းကောင်း၊ ဒုရဲအုပ် ပိုင်သူကိုကိုက မြန်မာနိုင်ငံမှ အခြားနိုင်ငံများသို့ တရားဝင်သွားရောက်အလုပ်လုပ်ပါက လိုအပ်သည့် အထောက်အထားများနှင့် အချက်အလက်များကို ပညာပေးရှင်းလင်းခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများကို အသိပညာပေးဗွီဒီယိုဖိုင်များပြသခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*




## ကုသိုလ်ကောင်းမှု တိုးလို့ပြု

* သဘာဝဘေးရယ်လို့
ဘာမှတွေးကာ ကြောက်မနေကြလေနဲ့
ဗုဒ္ဓဘုရား ဟောကြားပါတဲ့
တရားနဲ့သာဖြေ။

* လောကဓံတရားဆိုတာ
လောကမှာ အမြဲရှိနေမှာမို့
သဘောအမှန်သိကာဖြင့်
သတိနဲ့သာနေ။

* ယခု ပစ္စက္ခမှာဖြင့်
အမှုဖြစ်ပျက်သမျှတွေနဲ့
ကောင်းဆိုး နှစ်တန်ဆိုတာ
ကြောင်းကျိုးဝေဖန်ရန် ခက်ပေလိမ့်
သတ္တဝါဝေနေယျတွေဟာ
ကမ္မေကမ္မာက ကံကြောင့်လေ
ခံကြစေ စံကြစေ ကြုံသရင့်။

* သံသရာမှာ
အမှန်ကောင်းရာ အရေးကိုလ
တွေးဆကြစေရန်
ခေတ်သရုပ်သကန် သဘောတွေကို
အနှစ်ထုတ် ပြန်ပြောရရင်ဖြင့်
ပစ္စုပ္ပန်တည့်တည့်သာပ
(ကိုယ့်လူတို့ရေ)
ကုသိုလ်တွေ တိုးကြစေဖို့
ကြိုးလို့သာကျင့်။ ။

မောင်ချစ်ဝေ(ခေမာမြေ)




တံတားနှင့်
လမ်း၊
ဆေးခန်းနှင့်
ကျောင်း၊
ဆည်မြောင်းနှင့်
ကန်
သစ်ပင်ရုံမှ
သဏ္ဌာန်လှပ
ပန်းရလိမ့်။

